ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

# မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှုများနှင့် ဖမ်းဆီးရရှိမှုများအား လေ့လာခြင်း

## အကျဉ်းချုပ်

ကမ္ဘာတစ်ဝှမ်းရှိလူထုအတွင်းသို့ လွှမ်းမိုးကြီးစိုးနေသော အရာတစ်ခုမှာ မူးယစ်ဆေးဝါး ပြဿနာပင်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးသည် နိုင်ငံကြီးငယ်မရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကမ္ဘာ့ လူသားတစ်ရပ်လုံးနှင့် နိုင်ငံအသီးသီးကို ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့မူးယစ်ဆေးဝါးထုတ်လုပ်မှု၌ ဒုတိယနေရာတွင်ရှိနေပါသည်။ တစ်နိုင်ငံလုံးဘိန်းထုတ်လုပ်မှု၏ (၉၀) ရာခိုင်နှုန်းကျော်သည် ရှမ်းပြည်နယ်မှအများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မူးယစ်ဆေးဝါးအမျိုးအစား (၇၆) မျိုး၊ တန်ဖိုးအားဖြင့် (၅၈၉) ဘီလီယံကျော်နှင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၇ ခုနှစ်မေလအထိ မူးယစ်ဆေးဝါးအမျိုးအစား (၄၉) မျိုး၊ တန်ဖိုးမှာ (၅၁၀) ဘီလီယံကျော်တို့ကို ဖမ်းဆီးရရှိခဲ့ပါသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရသည့် အမှုများမှာလည်း နှစ်စဉ်များပြားလျက်ရှိရာ ၂၀၁၆ ခုနှစ်တွင် အမှုပေါင်း (၈,၈၀၀) ထိ မြင့်တက်ခဲ့သည်ကိုတွေ့ရှိရပြီး နှစ်အလိုက်ဖမ်းဆီးရရှိသည့် အခြေအနေများကို စာတမ်းတိုအတွင်းတွင် ပုံပြဇယားဖြင့်ဖော်ပြထားပါသည်။

ဤစာတမ်းတိုတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းခြင်းကဏ္ဍ၌ ရဲတပ်ဖွဲ့၏အခက်အခဲများနှင့်လိုအပ်ချက်များ၊ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်နေမှုများ၊ နိုင်ငံအချို့၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များကိုလေ့လာ၍မိမိတို့နိုင်ငံ၏မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေပြုခြင်းလုပ်ငန်းတွင် အထောက်အကူပြုနိုင်ရန်အတွက် အချက်အလက်များအားစုစည်း၍ စာတမ်းတိုအဖြစ် ရေးသားပြုစုထားခြင်းဖြစ်ပါသည်။

သုတေသနစာတမ်းတိုအမှတ် (၆၇)

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁။ နိဒါန်း ...................................................................................................၃

၂။ ဖမ်းဆီးရရှိသည့် မူးယစ်ဆေးဝါးအမျိုးအစားနှင့်တန်ဖိုး ........................................၃

၃။ ဖမ်းဆီးရရှိသည့် အမှုပေါင်း ..............................................................................၅

၄။ မူးယစ်ဆေးဝါးနှိမ်နင်းရေးကဏ္ဍ၌ ရင်ဆိုင်နေရသည့် အခက်အခဲများ ..........................၆

၅။ မူးယစ်ဆေးဝါး၏အဓိကပစ်မှတ်များ .......................................................................၇

၆။ မူးယစ်ဆေးဝါးကျယ်ပြန့်ရခြင်း၏အကြောင်းအရင်း .....................................................၈

၇။ မြန်မာနိုင်ငံတွင်း မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေသည့်ဒေသများ ...........................၉

၈။ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် ဥပဒေနှင့်မူဝါဒများ ..........................၉

၉။ အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု ..........................၁၁

၁၀။ နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက် ...........................................................................၁၂

၁၁။ ပြည်သူအချို့၏အမြင် ........................................................................................ ၁၅

၁၂။ နိုင်ငံအချို့၏ဆောင်ရွက်ချက်များ ............................................................................ ၁၆

၁၃။ နိဂုံး .................................................................................................................. ၁၉

## နိဒါန်း

၁။ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပြဿနာသည် စိန်ခေါ်မှုတစ်ခုဖြစ်နေပါသည်။ လူငယ်ထုအတွင်းသို့ မူးယစ်ဆေးဝါးသည် အသွင်သဏ္ဍာန်မျိုးစုံဖြင့် ပျံ့နှံ့နေပါသည်။ ပြည်တွင်း၌ ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် စိတ်ကြွရူးသွပ်ဆေးဖမ်းဆီးရမိမှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်းကြောင့် နိုင်ငံတော်အတွက် အမျိုးသားရေးပြဿနာတစ်ရပ်အနေဖြင့် ထိရောက်စွာနှိမ်နင်းရန် လိုအပ်လျက်ရှိပါသည်။

## ဖမ်းဆီးရရှိသည့် မူးယစ်ဆေးဝါးအမျိုးအစားနှင့်တန်ဖိုး

၂။ ဘိန်းဖြူတွင် ပါဝင်သောဓာတုပစ္စည်းတစ်မျိုးဖြစ်သည့် Neurotransmitters သည် သုံးစွဲသူများ၏ ဦးနှောက်နှင့်ခန္ဓာကိုယ်အနှံ့အပြားသို့ပျံ့နှံ့သွားပြီး နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် ခန္ဓာကိုယ်အတွင်းရှိ အာရုံကြောများကို ထိခိုက်စေပါသည်။[1]

၃။ ဆေးခြောက်ကို (Marijuana) ဟုခေါ်သည့် ဆေးခြောက်ပင်မှရရှိပါသည်။ ၎င်းတွင် စိတ်ကိုနိုးကြားတတ်ကြွစေသော Delta-9-Tetrahydrocannabinol (Deta-9-THC) တို့ပါဝင်ပြီး ဦးနှောက်၏စွမ်းဆောင်ရည်များကို ထိခိုက်စေနိုင်ပါသည်။ ဆေးခြောက်ပင်မှရရှိသော အရွက်များနှင့်အပွင့်များကိုအခြောက်ခံကာ သောက်သုံးခြင်း၊ စားသုံးခြင်းစသည်တို့ကို ပြုလုပ်လေ့ရှိပါသည်။ ၎င်းထဲတွင် Deta-9-THC ပါဝင်သောကြောင့် အသိစိတ်များကိုပြောင်းလဲစေပြီး စိတ်ကိုထိုင်းမှိုင်းစေခြင်းများ ဖြစ်ပေါ်စေပါသည်။ ဆေးခြောက်ပင်၏အပွင့်ခြောက်ခေါင်းထဲတွင် Deta-9-THC အများဆုံးပါဝင်ပါသည်။[2]

၄။ အိုက်စ်သည် ကျောက်တုံးအပိုင်းအစများနှင့် ဆင်တူရိုးမှားရှိသည့်အပြင် ကိုကင်းနှင့်လည်းအသွင်သဏ္ဍာန်တူပါသည်။ အိုက်စ်ကိုဖန်ပြွန်ချောင်းထဲသို့ထည့်၍ အပူပေးပြီးနောက် ၎င်းမှထွက်ရှိလာသော အငွေ့များကိုရှူရှိုက်ခြင်းဖြင့် အသုံးပြုကြပါသည်။ အိုက်စ်ငွေ့များသည် သွေးကြောများမှတဆင့် အဆုတ်ကိုဖြတ်ပြီး ဦးနှောက်သို့လျင်မြန်စွာရောက်ရှိသွားပါသည်။ ၎င်းသည်သုံးစွဲရ

---


[1] National Institute on Drug Abuse, What effects does heroin have on the body?, National Institute on Drug Abuse မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် - ဩဂုတ် ၈၊ ၂၀၁၇)

[2] Alcohol and Drug Information Service (ADIS), What is cannabis?, Alcohol and Drug Information Service (ADIS) မှရရှိပါသည်။ (ကြည့်ရှုသည့်ရက် - ဩဂုတ် ၈၊ ၂၀၁၇)

လွယ်ကူပြီး အနံ့မရှိသောကြောင့် ပြည်သူလူထုကြားထဲသို့ လွယ်ကူစွာပျံ့နှံ့လျက်ရှိပြီး ရှာဖွေတွေ့ရှိရန် ခက်ခဲလွန်းလှပါသည်။[3]

၅။ မြန်မာတစ်နိုင်ငံလုံးတွင် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုနှင့်စပ်လျဉ်း၍ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမျိုးအစား (၇၆) မျိုးနှင့် တန်ဖိုးကျပ် (၅၈၉) ဘီလီယံကျော်ရှိခဲ့ပြီး ၂၀၁၆ ခုနှစ် မှ ၂၀၁၇ ခုနှစ် မေလအတွင်း မူးယစ်ဆေးဝါးအမျိုးအစား (၄၉) မျိုး နှင့် တန်ဖိုးကျပ် (၅၁၀) ဘီလီယံကျော်ရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၏ထုတ်ပြန်ထားသည့်စာရင်းဇယားအရ သိရှိရပါသည်။

၆။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ် (မေလအထိ) ဖမ်းဆီးရရှိသော မူးယစ်ဆေးဝါးအမျိုးအစားများအနက် အများဆုံးဖမ်းဆီးရရှိသော အမျိုးအစား (၃) မျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၇။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်၊ မေလအထိဖမ်းဆီးရရှိသော မူးယစ်ဆေးဝါးများအနက် အများဆုံးဖမ်းဆီးရရှိသော မူးယစ်ဆေးဝါးမှာ အိုက်စ်ဖြစ်ပါသည်။ အိုက်စ်ဖမ်းဆီးရရှိမှုပမာဏအား ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်ကို နှိုင်းယှဉ်ကြည့်ပါက ၂၀၁၅ ခုနှစ်ထက် ကီလို (၂၀၀) ကျော် မြင့်တက်သွားသည်ကို တွေ့ရှိရပါသည်။ အလားတူပင် ဘိန်းဖြူဖမ်းဆီးရရှိမှုမှာ ၂၀၁၆ ခုနှစ်တွင် ကီလို (၆၀၀) နီးပါး မြင့်တက်လာသည်ကို တွေ့ရှိနိုင်ပါသည်။[4]


---

[3] Imogen Groome, What is ice, what are the effects and dangers of the drug? ,Metro,Jun 20, 2017 မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် - ဩဂုတ် ၈၊ ၂၀၁၇)

[4] မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိပါသည်။

## ဖမ်းဆီးရရှိသည့် အမှုပေါင်း


၈။ ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ် မေလအထိ မြန်မာတစ်နိုင်ငံလုံးဖမ်းဆီးရရှိသော မူးယစ်ဆေးဝါးအမှုများကို နှစ်အလိုက် အောက်ပါပုံပြဇယားတွင် ဖော်ပြထားပါသည်-




၉။ ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်မေလအထိ မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးဖမ်းဆီးရရှိသည့်အမှုပေါင်းမှာ တစ်နှစ်ထက်တစ်နှစ် မြင့်တက်လာသည်ကို တွေ့ရှိနိုင်ပါသည်။ ၂၀၁၆ ခုနှစ်သည် တစ်နိုင်ငံလုံးမူးယစ်ဆေးဝါးဖမ်းဆီးရရှိသည့်အမှုပေါင်း အများဆုံးနှစ်ဖြစ်ပြီး ၂၀၁၄ ခုနှစ်သည် ဒုတိယဖမ်းဆီးရရှိမှု အများဆုံးဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။ အဆိုပါနှစ်တွင်အများဆုံးဖမ်းဆီးရမိခြင်းမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထိ မူးယစ်ဆေးဝါးပပျောက်ရေး (၅) နှစ်စီမံကိန်းချမှတ်ဆောင်ရွက်ခြင်းကြောင့် များပြားစွာဖမ်းဆီးရမိခြင်းဖြစ်ပါသည်။[5]

၁၀။ ၂၀၁၆ ခုနှစ်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မူးယစ်ဆေးဝါးဖမ်းဆီးရရှိသည့်အမှုများအား တစ်ဖက်ပါပုံပြဇယားဖြင့် ဖော်ပြထားပါသည်-

[5] မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိပါသည်။




၁၁။ ၂၀၁၆ ခုနှစ်အတွင်း ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှာ နယ်စပ်ဒေသတစ်ခုဖြစ်သော ရှမ်းပြည်နယ်၌အများဆုံးဖြစ်ပြီး ချင်းပြည်နယ်တွင်ဖမ်းဆီးရရှိမှု အနည်းဆုံးဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။ ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့သည် ဒုတိယ အများဆုံးဖမ်းဆီးရရှိသည့် ဒေသများဖြစ်ပါသည်။

## မူးယစ်ဆေးဝါးနှိမ်နင်းရေးကဏ္ဍ၌ ရင်ဆိုင်နေရသည့် အခက်အခဲများ

၁၂။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို တာဝန်ယူရသည့် ရဲတပ်ဖွဲ့ဝင်အင်အားမှာ တစ်နိုင်ငံလုံး စာရင်းများအရ အင်အား (၁,၃၀၀) ခန့်သာရှိပါသည်။ ၎င်းအင်အားများအနက် (၈၀၀) ခန့်သည် မူးယစ်တိုက်ဖျက်ရေးတာဝန်ထမ်းဆောင်နေပြီး (၅၀၀) ခန့်မှာ ရုံးလုပ်ငန်းများဆောင်ရွက်နေကြရပါသည်။[6] မြန်မာနိုင်ငံဒေသတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ရင်ဆိုင်နေရသည့်အခက်အခဲမှာ အခြားရဲတပ်ဖွဲ့ဌာနများနည်းတူ အင်အားလုံလောက်မှုမရှိသည့် ပြဿနာတစ်ရပ်ဖြစ်ပါသည်။[7]

[6] အောင်သစ်လွင်၊ သကြံန်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ 7DayDaily, အတွဲ ၁၆၊ အမှတ် ၅၊ ဧပြီ ၅၊ ၂၀၁၇ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၆၊၂၀၁၇)

[7] အောင်သစ်လွင်၊ ကြီးထွားလာတဲ့ မူးယစ်ဆေးဝါးပြဿနာ ဘယ်လိုဖြေရှင်းမလဲ၊ 7DayDaily, အောက်တိုဘာ ၇၊ ၂၀၁၇, အမှတ် ၈၇၉ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇)

၁၃။ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးများအမြစ်ပြတ်အောင် ဖမ်းဆီးနှိမ်နင်းနိုင်ရန် ရဲတပ်ဖွဲ့ အင်အားမလုံလောက်ခြင်း၊ နိုင်ငံတော်မှရန်ပုံငွေများချထားမှုနည်းပါးခြင်းနှင့် နည်းပညာပိုင်း သင်ကြားမှုအားနည်းခြင်းစသည့်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိပါသည်။[8]

၁၄။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အစိုးရအနေဖြင့်နည်းလမ်းမှန်သော ဖမ်းဆီးအရေး ယူမှုများပြုလုပ်ရန်နှင့် အောက်ခြေရဲတပ်ဖွဲ့ဝင်များ၏ လိုအပ်ချက်များကိုဖြည့်ဆည်း၍ ချမှတ် ထားသည့် မူဝါဒနှင့်အညီထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်မှာ မူးယစ်ဆေးဝါး နှိမ်နင်းရေးကဏ္ဍ၌ ကြုံတွေ့နေရသည့် အခက်အခဲများဖြစ်ပါသည်။[9]

## မူးယစ်ဆေးဝါး၏အဓိကပစ်မှတ်များ

၁၅။ မူးယစ်ဆေးဝါးတရားမဝင်ရောင်းဝယ်မှုများ၏ အဓိကပစ်မှတ်များမှာ ကျောင်းသား လူငယ်နှင့် ကလေးသူငယ်များဖြစ်ပါသည်။ မူးယစ်ဆေးဝါးသည် အသွင်ပုံစံမျိုးစုံဖြင့် လူငယ်ထု၏ လက်တစ်ကမ်းအကွာတွင်ရှိနေပါသည်။[10] ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား ပြည်သူများသည် မူးယစ်ဆေးဝါးကို အလွယ်တကူဝယ်ယူရရှိ၍သုံးစွဲမှုများကြောင့် မူးယစ် ဆေးဝါး၏သားကောင်အဖြစ် အတိဒုက္ခရောက်နေကြရပြီး ဘေးအန္တရာယ်အမျိုးမျိုးနှင့်ရင်ဆိုင် နေရပါသည်။[11] ၎င်းဒေသ၌နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုငယ်များသည် အများအားဖြင့် ဘိန်းစိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြပါသည်။

၁၆။ ဒေသအနှံ့အပြားတွင်ဖြစ်ပေါ်နေသည့် ရာဇဝတ်မှုများတွင် အသက်မပြည့်သေးသည့် ကလေးများနှင့် လူငယ်များပါဝင်ပတ်သက်လာကြခြင်းမှာ မူးယစ်ဆေးဝါးသုံးစွဲမှု၏အဓိက အကြောင်းအရင်းတစ်ရပ်ဖြစ်နေပါသည်။[12] အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းသည် ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများ၌ အများဆုံးဖြစ်ပါသည်။[13]

---

[8] ဖြိုးဖြိုးဇော်၊ ရတနာပုံစစ်ဆင်ရေး (၃) တွင် မျှော်မှန်းချက်ထက် မူးယစ်ဆေးဝါးသုံးဆကျော် ဖမ်းမိ၊ 7DayDaily, အမှတ် ၁၁၇၁၊ ဩဂုတ် ၅၊ ၂၀၁၆ မှ ရရှိပါသည်။ ( ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇ ခုနှစ်)

[9] ibid

[10] ကိုကိုညိမ်း (ကောလင်း)၊ မူးယစ်ဆေးနွံထဲက လူငယ်ဘဝ ၊ မြန်မာ့အလင်းသတင်းစာ၊ မေ ၁၉၊ ၂၀၁၇၊ သောကြာနေ့ စာမျက်နှာ (၁၅) မှ ရရှိပါသည်။

[11] ပြည်သူ့လွှတ်တော်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင်လူထုမှပူးပေါင်းပါဝင်နိုင်ရေးအတွက်နိုင်ငံတော်မှမူဝါဒချမှတ်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၈၊၂၀၁၇)

[12] Myanma Alinn Daily, ကလေးသူငယ်များ အနာဂတ်ဘဝဖွံ့ဖြိုးရေးနှင့်ဘေးကင်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာနိုင်ရေး၊ စာမျက်နှာ - ၂၊ ဇွန် ၂၇၊ ၂၀၁၇ မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇွန် ၂၈၊ ၂၀၁၇)

[13] Drugs & Democracy, Myanmar in Focus မြန်မာနိုင်ငံရှိမူးယစ်ဆေးဝါးပြဿနာများကိုကိုင်တွယ်ဖြေရှင်းခြင်း၊ မတ် ၂၊ ၂၀၁၇ မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇွန် ၁၄၊ ၂၀၁၇)

## မူးယစ်ဆေးဝါးကျယ်ပြန့်ရခြင်း၏အကြောင်းအရင်း

၁၇။ မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးမှုအကြောင်းအရင်းများကို လေ့လာကြည့်လျှင် ဘိန်းစိုက်ပျိုးရာဒေသအများစုတွင် မြေပြင်အနေအထားအရ သွားလာမှုခက်ခဲခြင်း၊ အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုမရှိခြင်း၊ ထွက်ရှိသည့်သီးနှံများဈေးကွက်သို့ရောက်ရှိရန် စရိတ်ကြီးမားခြင်း၊ ဒေသခံပြည်သူများ၏ဝင်ငွေနည်းပါးခြင်း၊ ဘိန်းသည်အခြားသီးနှံများထက် ဝင်ငွေပိုမိုရရှိခြင်းအပြင် အချို့ဒေသများတွင် နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိခြင်းကို အခွင့်ကောင်းယူပြီး စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြစ်ပါသည်။[14] ရခိုင်ပြည်နယ်၊ မောင်တောနယ်စပ်ဒေသသည် မူးယစ်ဆေးဝါးအမျိုးအစားတစ်ခုဖြစ်သော Wyoming (WY) စိတ်ကြွရူးသွပ်ဆေးပြားရောင်းဝယ်ဖောက်ကားမှုတွင် နာမည်ကြီးသည့်ဒေသတစ်ခုဖြစ်နေပါသည်။[15]

၁၈။ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်များရှိ တောင်ကုန်းတောင်တန်းထူထပ်သည့် နယ်မြေဒေသများ၌ ဘိန်းစိုက်ပျိုးမှုသည် ထူထပ်လျက်ရှိနေပါသည်။ ခန့်မှန်းခြေအရ ဘိန်းစိုက်ပျိုးသည့်အိမ်ထောင်စုပေါင်း (၃၀၀,၀၀၀) ခန့်ရှိပြီး အများစုသည်ဆင်းရဲနွမ်းပါးသောကြောင့် စိုက်ပျိုးနေသူများဖြစ်ကြပါသည်။[16]

၁၉။ ရှမ်းပြည်နယ်တွင် စီးပွားဖြစ်အနေဖြင့် ဘိန်းပင်များကိုအဓိကထားစိုက်ပျိုးနေကြပြီး အိမ်ထောင်စု (၁၀) စုရှိသည့်အနက် (၁) စုသည် ဘိန်းပင်စိုက်ပျိုးမှုတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေပါသည်။ ထို့ကြောင့် ဘိန်းစိုက်ပျိုးမှုပပျောက်ရန်အတွက် ဥပဒေအရခွင့်ပြုထားသောစီးပွားရေးလုပ်ငန်းများနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ဘိန်းအစားထိုးသီးနှံများစိုက်ပျိုးခြင်းစသည်တို့ကို ၎င်းပြည်နယ်များရှိဘိန်းစိုက်ပျိုးသူများအား ထောက်ပံ့မှုများပေးရန် လိုအပ်လျက်ရှိပါသည်။

[14] ၁၉-၈-၂၀၁၄ တွင် ပြည်ထဲရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပသော မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အထူးအစည်းအဝေးတွင် ဒုတိယသမ္မတဦးဉာဏ်ထွန်းပြောကြားသောအမှာစကား, available from: http://www.president-office.gov.mm/zg/?q=taxonomy/term/%E1%80%99%E1%80%B0%E1%80%B8%E1%80%9A%E1%80%85%E1%80%B9%E1%80%B1%E1%80%86%E1%80%B8%E1%81%80%E1%80%AB%E1%80%B8&page=4 [accessed 18 September 2014]

[15] မောင်ကံ၊ မူးယစ်ဆေးဝါးများ ဖမ်းမိနေ၍ မောင်တော-ဘူးသီးတောင်ကားလမ်းတွင် ယာဉ်များကို တင်းကျပ်စွာစစ်ဆေး၊ 7DayDaily, အမှတ် (၁၄၃၃)၊ မေ ၅၊ ၂၀၁၇ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၆၊ ၂၀၁၇ ခုနှစ်)

[16] Drugs & Democracy, Myanmar in Focus မြန်မာနိုင်ငံရှိမူးယစ်ဆေးဝါးပြဿနာများကိုကိုင်တွယ်ဖြေရှင်းခြင်း၊ မတ် ၂၊ ၂၀၁၇ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန် ၁၄၊ ၂၀၁၇)

၂၀။ အမျိုးသားရေးစီမံချက်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များဖြင့် ရှမ်းပြည်နယ်ရှိ ဘိန်းစိုက်တောင်သူများနှင့် အခြားဘိန်းစိုက်ပျိုးခြင်းမရှိသောတောင်သူများကို နားလည်သဘောပေါက်အောင် ပညာပေးဆောင်ရွက်မှုများပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။[17]

## မြန်မာနိုင်ငံတွင်း မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေသည့်ဒေသများ

၂၁။ မြန်မာနိုင်ငံသည် ကမ္ဘာ့မူးယစ်ဆေးဝါးထုတ်လုပ်မှုတွင် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် ဒုတိယနေရာ၌ရှိနေပါသည်။ တစ်နိုင်ငံလုံး၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု (၉၀) ရာခိုင်နှုန်းကျော်သည် ရှမ်းပြည်နယ်မှ အများဆုံးဖြစ်ပါသည်။ ယခုအခါ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တရုတ်-မြန်မာနယ်စပ်တို့တွင် ရာဘဟုခေါ်သည့် အဖက်တမင်း WY စိတ်ကြွဆေးပြားများလည်းထွက်ရှိနေပါသည်။[18]

၂၂။ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသည့် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်စသည့်ဒေသများတွင် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုမှာ ပိုမိုများပြားနေသည်ကို တွေ့ရှိရပါသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများသည် နယ်စပ်ဒေသများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နယ်စပ်၊ ထိုင်းနိုင်ငံနယ်စပ်နှင့် တရုတ်နယ်စပ်စသောဒေသများတွင် အများဆုံးတွေ့ရှိနေရပါ သည်။[19]

## မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် ဥပဒေနှင့်မူဝါဒများ

၂၃။ နိုင်ငံတော်မှ ၁၉၉၃ ခုနှစ်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးဆိုင်ရာမူဝါဒများသည် ခေတ်အခြေအနေနှင့် ကိုက်ညီခြင်းမရှိခြင်းကြောင့်ဖြစ်ပေါ်လာသည့်ပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာတွင် အခက်အခဲများဖြင့် ကြုံတွေ့ရလျက်ရှိပါသည်။[20] ယခုအခါ အဆိုပါဥပဒေကို ခေတ်စနစ်နှင့်လျော်ညီရန်အတွက် ဥပဒေပြန်လည်ပြင်ဆင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး အသစ်ပြန်လည်ရေးဆွဲ၍ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးရန်

---

[17] United Nations Office on Drugs and Crime, Opium cultivation in Shan State Myanmar is concentrated in areas with poor security မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဩဂုတ် ၅၊ ၂၀၁၇)

[18] available from : http://www.news-eleven.com/editorials/37525 မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန် ၂၈၊ ၂၀၁၇)

[19] Myanma Alinn Daily, ကမ္ဘာကိုခြိမ်းခြောက်နေသော မူးယစ်ဆေးဝါးပြဿနာ၊ အတွဲ (၅၆)၊ အမှတ် (၂၆၉)၊ ဇွန်လ ၂၉၊ ၂၀၁၇ ခုနှစ် မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန်လ ၃၀၊ ၂၀၁၇ ခုနှစ်)

[20] Drugs & Democracy, Myanmar in Focus မြန်မာနိုင်ငံရှိမူးယစ်ဆေးဝါးပြဿနာများကိုကိုင်တွယ်ဖြေရှင်းခြင်း၊ မတ် ၂၊ ၂၀၁၇ မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇွန် ၁၄၊ ၂၀၁၇)

ပေးပို့ထားပါသည်။[21] ယင်းပြင်ဆင်မှုများ၌ မူးယစ်ဆေးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးကဏ္ဍကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဖြည့်စွက်ပြင်ဆင်ထားသည်ကို တွေ့ရှိရပါသည်။

၂၄။ မူးယစ်ဆေးဝါးအန္တရာယ်ပပျောက်ရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ချမှတ်ထားသော မူဝါဒများမှာ-

(က) မဟာဗျူဟာ (၂) ရပ်

(၁) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်၊

(၂) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဘဝဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းစိုက်ပျိုးမှုတစ်စတစ်စ ချုပ်ငြိမ်းရေး၊

(ခ) နည်းဗျူဟာ (၃) ရပ်

(၁) ထုတ်လုပ်မှုပပျောက်ရေး၊

(၂) သုံးစွဲမှုပပျောက်ရေး၊

(၃) တားဆီးနှိမ်နင်းရေး၊

(ဂ) နည်းနာနိဿယ (၃) ရပ်

(၁) မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲသူ၏ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်ရေးရာပြောင်းလဲတိုးတက်ရေး၊

(၂) တောင်ပေါ်မြေပြန့်တိုင်းရင်းသားအချင်းချင်းလွယ်ကူစွာ ကူးသန်းဆက်ဆံရေး၊

(၃) နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးတို့၏စီးပွားရေးနှင့် လူမှုရေးဘဝတိုးတက်မြင့်မားရေး စသည်တို့ကိုချမှတ်ထားပါသည်။[22]

---

[21] Drugs & Democracy, Myanmar in Focus မြန်မာနိုင်ငံရှိမူးယစ်ဆေးဝါးပြဿနာများကိုကိုင်တွယ်ဖြေရှင်းခြင်း၊ မတ် ၂၊ ၂၀၁၇ မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇွန် ၁၄၊ ၂၀၁၇)

[22] ဗိုလ်ကြီးလှရွှေ (ငြိမ်း)၊ တတ်လမ်း (၅) စာမျက်နှာ (၁၉၉၉၊ ၂၀၀) မှ ရရှိပါသည်။

၂၅။ အဆိုပါမူဝါဒများနှင့်အညီ နိုင်ငံတော်မှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှစ၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သည် မေယုစစ်ဆင်ရေးအမည်ဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးစီမံချက်ကို တစ်လကြာ ဆောင်ရွက်ခဲ့သည်။[23]

## အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု

၂၆။ မူးယစ်ဆေးဝါးပြဿနာသည် ဒေသတစ်ခုချင်း၏ပြဿနာမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ဖြစ်ပေါ်နေပါသည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် မူးယစ်ဆေးဝါးသုံးစွဲနိုင်မှုများကို လျှော့ချရန်နှင့်ကျန်းမာရေးဆိုင်ရာပြဿနာများကို တားဆီးရန်ရည်ရွယ်၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။[24] မြန်မာနိုင်ငံရှိနယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအပိုင်းအောင်မြင်ရန် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး United Nations Office on Drugs Crime (UNODC) အပါအဝင်နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။[25]

၂၇။ ၂၀၁၆ နှစ်ကုန်ပိုင်းတွင် ထိုင်း-မြန်မာနယ်စပ် မယ်ဆိုင်မြို့မှ ထိုင်းနိုင်ငံ ချင်းရိုင်-ချင်းမိုင်နှင့်တောင်ပိုင်းဒေသအထိ မူးယစ်ဆေးဝါးများဖြန့်ဖြူးနေသော မြန်မာနိုင်ငံသားများ ပါဝင်သော ဂိုဏ်းအဖွဲ့ဝင်များကို ဖမ်းဆီးခဲ့ပါသည်။

၂၈။ မြန်မာနိုင်ငံပြည်ထဲရေးဝန်ကြီးနှင့် တရုတ်နိုင်ငံတော်ကောင်စီဝင်ပြည်သူ့လုံခြုံရေးဝန်ကြီးတို့သည် နှစ်နိုင်ငံလုံခြုံရေး၊ မူးယစ်ဆေးဝါးနှင့် အကြမ်းဖက်မှုတားဆီးရေးအပါအဝင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်များကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၂၈) ရက်က သဘောတူ လက်မှတ်ရေးထိုးခဲ့ကြပါသည်။[26]

၂၉။ ဒေသတွင်းနိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းစတက်အဖွဲ့ဝင်နိုင်ငံများနှင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးပြီး နိုင်ငံတကာနှင့်ပူးပေါင်း

---

[23] အောင်သစ်လွင်၊ ရခိုင်ပြည်နယ်တွင် မေယုစစ်ဆင်ရေး အမည်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံချက် စတင်၊ 7DayDaily, အမှတ် (၁၃၅၄)၊ ဖေဖော်ဝါရီ ၄၊ ၂၀၁၇ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇ ခုနှစ်)

[24] Drugs & Democracy, Myanmar in Focus မြန်မာနိုင်ငံရှိမူးယစ်ဆေးဝါးပြဿနာများကိုကိုင်တွယ်ဖြေရှင်းခြင်း၊ မတ် ၂၊ ၂၀၁၇ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန် ၁၄၊ ၂၀၁၇)

[25] အောင်သစ်လွင်၊ ကြီးထွားလာတဲ့ မူးယစ်ဆေးပြဿနာ ဘယ်လိုဖြေရှင်းမလဲ၊ 7DayDaily, အတွဲ (၈၇၉)၊ အောက်တိုဘာ ၇၊ ၂၀၁၇ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇ ခုနှစ်)

[26] ငြိမ်းငြိမ်းပြည့်၊ မြန်မာ-တရုတ်နှစ်နိုင်ငံလုံခြုံရေး၊မူးယစ်ဆေးဝါးနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မည်၊ အမှတ်(၁၂၂၆)၊ စက်တင်ဘာ ၂၉၊ ၂၀၁၆ ခုနှစ်၊ available from: http://www.7daydaily.com/story/76785 မှ ရရှိပါသည်။ ( ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇ ခုနှစ်)

ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် ကုလသမဂ္ဂနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။[27]

၃၀။ မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေးနှင့် ထုတ်လုပ်မှုလျှော့ချရေး လုပ်ငန်းစဉ်များကို အထောက်အကူဖြစ်စေရန် မူးယစ်ဆေးဝါးသုံးစွဲမှုစစ်တမ်းတစ်ခုကို မြန်မာနိုင်ငံ၌ပထမဆုံး အကြိမ် UNODC၏နည်းပညာအကူအညီဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။[28]

**နိုင်ငံတော်အစိုးရ၏ဆောင်ရွက်ချက်**

**(က) နိုင်ငံတော်မှ စီမံကိန်းများချမှတ်၍ ဆောင်ရွက်နေမှုများ**

(၁) နိုင်ငံတော်အစိုးရမှ ၁၉၉၉ -၂၀၀၀ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ထိ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅ ) နှစ် စီမံကိန်းကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ မူးယစ်ဆေးဝါးပပျောက်ရေးငါးနှစ်စီမံကိန်းကို ထပ်မံရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။[29]

(၂) နိုင်ငံတော်မှ မူးယစ်ဆေးဝါးနှင့်စပ်လျဉ်းသည့် မူဝါဒချမှတ်ပေးထားပြီး မူဝါဒနှင့်အညီ နှစ်ရှည်၊ နှစ်စဉ်စီမံကိန်းများချမှတ်ပြီး ပြည်သူလူထုနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် NGOs, AIDS Healthcare Foundation (AHF), INGOs , Central Committee For Drug Abuse Control အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်လျက်ရှိပါသည်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC အဖွဲ့များနှင့်ပူးပေါင်း၍ ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။[30]

---

[27] Myanma Alinn Daily, ၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် အမှုပေါင်း ၈၈၀၀ ရှိ၊ အတွဲ (၅၆)၊ အမှတ် (၂၆၇)၊ ဇွန်လ ၂၇၊ ၂၀၁၇ ခုနှစ် မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန်လ ၃၀၊ ၂၀၁၇ ခုနှစ်)

[28] ibid

[29] နန္ဒ၊ ရန်မျိုးနိုင်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင်အားနည်းချက်အချို့ဖြစ်ပေါ်နေကြောင်းပြည်ထဲရေးဒုဝန်ကြီးဝန်ခံ၊ 7DayDaily, အမှတ် (၁၀၈၄) http://Www.7daydaily.Com/Story/64451 မေ ၁၀၊ ၂၀၁၆ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇ ခုနှစ်)

[30] ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ (၃၁-၁၂-၂၀၁၅) ရက်နေ့တွင် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတီခွန်မြတ်၏ မေးမြန်းမှုအား သက်ဆိုင်ရာဝန်ကြီးမှ ဖြေကြားချက်မှတ်တမ်းမှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၈၊ ၂၀၁၇ ခုနှစ်)

(၃) နိုင်ငံတော်အစိုးရသည် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ထုတ်လုပ်မှုပပျောက်ရေးနှင့် သုံးစွဲမှုပပျောက်ရေး လုပ်ငန်းစဉ်နှစ်ခုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထုတ်လုပ်မှုပပျောက်ရေး လုပ်ငန်းစဉ်အောက်တွင် တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေး၊ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး၊ မွေးမြူရေး၊ သီးနှံအစားထိုးစိုက်ပျိုးရေးနှင့် အစပျိုးဓာတုပစ္စည်းများ ထိန်းချုပ်ကြီးကြပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

(၄) ဘိန်းစိုက်ပျိုးသည့်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမြေဖော်ထုတ်ရေးတို့ကိုလည်း ဆောင်ရွက်ခဲ့ပါသည်။ ဒေသနှင့်ကိုက်ညီသည့် တစ်ပိုင်တစ်နိုင် သားငါးမွေးမြူရေးဆိုင်ရာလုပ်ငန်းများ၊ အစားထိုးသီးနှံများစိုက်ပျိုးနိုင်စေရန် လိုအပ်သည်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။[31] ထို့အတူ သုံးစွဲမှုပပျောက်ရေးလုပ်ငန်းစဉ်အောက်တွင်လည်း ဆေးကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ကျောင်းသားလူငယ်များအား အသိပညာပေးရေး၊ ပြည်သူများအားပညာပေးလှုံ့ဆော်ရေးနှင့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။[32]

(၅) ယခုအခါ မူးယစ်ဆေးစွဲကုသရေးဌာနကြီး (၂၆) ခုနှင့် ဌာနငယ် (၄၇) ခု ဖွင့်လှစ်ထားပြီး မူးယစ်ဆေးဝါးဆိုင်ရာကုသရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးစခန်း (၁၂) ခုကို ဖွင့်လှစ်ထားရှိပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ကြားပေးခြင်း၊ လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ပြင်ဆင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။[33]

[31] Myanma Alinn Daily, ၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် အမှုပေါင်း ၈၈၀၀ ရှိ၊ အတွဲ (၅၆)၊ အမှတ် (၂၆၇)၊ ဇွန်လ ၂၇၊ ၂၀၁၇ ခုနှစ် မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန်လ ၆၊ ၂၀၁၇ ခုနှစ်)
[32] Myanma Alinn Daily, မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် မူးယစ်ဆေးဝါးသုံးစွဲမှုစစ်တမ်းကို UNODC ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိ, အတွဲ (၅၆)၊ အမှတ် (၂၆၆)၊ ဇွန်လ ၂၆၊ ၂၀၁၇ ခုနှစ် မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန်လ ၂၉၊ ၂၀၁၇ ခုနှစ်)
[33] Myanma Alinn Daily, ၂၀၁၆ ခုနှစ်အတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် အမှုပေါင်း ၈၈၀၀ ရှိ, အတွဲ (၅၆)၊ အမှတ် (၂၆၇)၊ ဇွန်လ ၂၇၊ ၂၀၁၇ ခုနှစ် မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန်လ ၃၀၊ ၂၀၁၇ ခုနှစ်)

(၆) ၂၀၁၆-၂၀၂၀ ခုနှစ်အတွင်း အမျိုးသားမဟာဗျူဟာစီမံချက်အသစ်တွင် မူးယစ်ဆေးဝါးအကြောထဲထိုးသွင်းသူများအတွက် အန္တရာယ်လျှော့ချရေး ကဏ္ဍကိုအထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါ သည်။[34]

(၇) သက်ဆိုင်ရာဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်များကို လျှော့ချပေးရန်ရည်ရွယ်၍ ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်းတွင် မူးယစ်ဆေးဝါးအကြောထဲထိုးသွင်းအသုံးပြုမှု အများဆုံးရှိသည့်ဒေသများ ကို သီးသန့်ကျန်းမာရေးဝန်ဆောင်မှုများပေး၍ ပံ့ပိုးကူညီလျက်ရှိပါသည်။ ဝန်ဆောင်မှုများ၌ ဘိန်းအခြေခံဆေးဝါးများဖြင့် အစားထိုးကုသမှု၊ အိပ်ချ်အိုင်ဗွီစစ်ဆေးရေးနှင့်ကုသရေးအပြင် ကာကွယ်တားဆီးခြင်းနှင့် စီမံ ခန့်ခွဲခြင်းတို့လည်း ပါဝင်ပါသည်။[35]

## (ခ) ပြည်နယ်/တိုင်းအလိုက်ဆောင်ရွက်နေမှုများ

(၁) မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ထုတ်လုပ်မှုလျှော့ချနိုင်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထိ ငါးနှစ်စီမံကိန်း ကာလအတွင်းတွင် ရှမ်းပြည်နယ်အတွင်း မြို့နယ် (၄၀)၊ ကချင်ပြည်နယ် အတွင်း (၆) မြို့နယ်၊ ကရင်ပြည်နယ်အတွင်း (၃) မြို့နယ်၊ ချင်းပြည်နယ် အတွင်း (၂) မြို့နယ် စုစုပေါင်း (၅၁) မြို့နယ်ကို ဦးစားပေးမြို့နယ်များ အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။[36]

(၂) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၄) မြို့နယ်နှင့် မကွေးတိုင်း ဒေသကြီး၊ သရက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါး၊ အရက်နှင့်မူးယစ် ဆေးဝါး များ၏ဆိုးကျိုးများအကြောင်းကို အခြေခံပညာကျောင်းများ၌ လူမှုရေး

[34] Drugs & Democracy, Myanmar in Focus မြန်မာနိုင်ငံရှိမူးယစ်ဆေးဝါးပြဿနာများကိုကိုင်တွယ်ဖြေရှင်းခြင်း၊ မတ် ၂၊ ၂၀၁၇ မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇွန် ၁၄၊ ၂၀၁၇)

[35] ibid

[36] နန္ဒ၊ ရန်မျိုးနိုင်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင်အားနည်းချက်အချို့ဖြစ်ပေါ်နေကြောင်းပြည်ထဲရေးဒုဝန်ကြီးဝန်ခံ၊ 7DayDaily, အမှတ် (၁၀၈၄) http://Www.7daydaily.Com/Story/64451 မေ ၁၀၊ ၂၀၁၆ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇ ခုနှစ်)

အဖွဲ့အစည်းများမှ ပိုစတာများနှင့်ပြသပြီး ပညာပေးဆောင်ရွက်မှုများပြုလုပ်လျက်ရှိပါသည်။[37] စာပေ၊ ဂီတ၊ ရုပ်ရှင်၊ ရုပ်မြင်သံကြား ဟောပြောပွဲများ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ၊ ပန်းချီပြိုင်ပွဲများစသည့် နည်းအမျိုးမျိုးဖြင့် ပညာပေးဟောပြောပွဲများပြုလုပ်နေကြပါသည်။[38]

(၃) အစိုးရသစ်လက်ထက် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဖြစ်ပွားလျက်ရှိသော မူးယစ်ဆေးဝါးသုံးစွဲမှု၊ အသေးစားသယ်ဆောင်ရောင်းဝယ်မှု၊ ထုတ်လုပ်မှု၊ ဂိုဏ်းဖွဲ့ကျူးလွန်မှုများနှင့် ငွေကြေးခဝါချမှု၊ အဂတိလိုက်စားမှုလျှော့ချနိုင်ရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။[39]

## ပြည်သူအချို့၏အမြင်

၃၁။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပြည်သူအချို့၏အမြင်အား အောက်ပါအတိုင်း ထုတ်နုတ်ဖော်ပြအပ်ပါသည်-

(က) "ရောဝတီမြစ်ဘေး ကျူးကျော်နေအိမ်တွေမှာ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းဖြစ်သည့်အတွက် ကျူးကျော်တွေကိုသေချာစိစစ်ပေးပြီး နေရာပေးစေချင်တယ်။ မန္တလေးတိုင်းဒေသကြီး၌ မူးယစ်ဆေးဝါးသည် အရမ်းကိုသောင်းကျန်းနေပြီး လုယက်မှုများပိုဖြစ်နေတယ်။ အာဏာပိုင်တွေအနေနဲ့လည်း အခုလိုဖမ်းဆီးတာမျိုးနှင့်အတူ စေ့စေ့စပ်စပ်လုပ်သင့်တယ်။ သေချာဖမ်းဆီးဖို့လည်း လိုအပ်နေသေးတယ်။ လက်ရှိအင်အားအပြင် တခြားနယ်မြေမှာရှိတဲ့ အင်အားတွေကိုပါ အသုံးပြုပြီး ပိုက်စိပ်တိုက်လုပ်စေချင်တယ်"ဟု မန္တလေးတိုင်းအတွင်းရှိ ပြည်သူများ၏

[37] available from: နန္ဒ၊ ရန်မျိုးနိုင်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင်အားနည်းချက်အချို့ဖြစ်ပေါ်နေကြောင်းပြည်ထဲရေးဒုဝန်ကြီးဝန်ခံ၊ 7DayDaily, အမှတ် (၁၀၈၄) , မေ ၁၀၊ ၂၀၁၆ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇ ခုနှစ်)

[38] ဒေါက်တာတင်ထွန်းဦး၊ ကောင်းကျိုးမပေး မူးယစ်ဆေး၊အခန်း (၁၆) မူးယစ်ဆေးဝါးအန္တရာယ်စုပေါင်းကာကွယ်၊ စာမျက်နှာ (၁၆၀) မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇွန် ၅၊ ၂၀၁၇ ခုနှစ်)

[39] ထူးသန့်၊ မူခင်းကြိုတင်ကာကွယ်ရေးနှင့်မူးယစ်ဆေးဝါးသုံးစွဲသူများအတွက်ပြစ်ဒဏ်လျှော့ပေါ့ရေးပြင်ဆင်ဆောင်ရွက်နေ၊ ဧပြီလ ၂၀၊ ၂၀၁၇ ခုနှစ် available from : http://myanmar.mmtimes.com/index.php/national-news/25883-2017-04-20-07-30-08.html မှရရှိပါသည်။၊ (ကြည့်ရှုသည့်ရက် ဇွန်လ ၂၁၊ ၂၀၁၇ခုနှစ်)

ကိုယ်စား ချမ်းအေးသာစံမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဟောင်း ဒေါ်တင်တင်မာက ပြောကြားခဲ့ပါသည်။[40]

(ခ) “မူးယစ်ဆေးဝါးနှင့်ပတ်သက်လို့ကတော့ ပြဿနာက အရမ်းရှုပ်ထွေးနေပါသည်။ ယခုအခါ ကမ္ဘာမှာမြန်မာနိုင်ငံသည် ဘိန်းထုတ်လုပ်တဲ့အဓိကနိုင်ငံဖြစ်၍နေပါသည်။ ကျွန်တော်တို့နိုင်ငံက မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ကျွန်တော်တို့ပေါ်လစီတွေ၊ မူဝါဒတွေ၊ ဥပဒေတွေပြင်ဖို့လိုအပ်ပါသည်။ ဒါမှကျွန်တော်တို့၏ ကလေးများ၊ နောင်လာနောက်သားများအတွက် မူးယစ်ကင်းမဲ့သော နိုင်ငံဖြစ်လာနိုင်သည်”ဟု မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကိုယ်စား ရဲမှူးကြီးဟောင်း ဦးခမ်းအောင်က ပြောကြားခဲ့ပါသည်။[41]

## နိုင်ငံအချို့၏ဆောင်ရွက်ချက်များ

၃၂။ နိုင်ငံအချို့တွင် မူးယစ်ဆေးဝါးနှိမ်နင်းမှုပြဿနာကို အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) **ဖိလစ်ပိုင်နိုင်ငံ၏ မူးယစ်ဆေးဝါးနှိမ်နင်းခြင်း။** ဖိလစ်ပိုင်သမ္မတရိုဒရီဂို ဒူတာတေးအာဏာရပြီးနောက် ရာဇဝတ်မှုများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများအပေါ်တင်းကျပ်စွာ ကိုင်တွယ်ဖြေရှင်းမှုများပြုလုပ်သွားမည်ဟု ကတိပြုခဲ့ပါသည်။ မူးယစ်ဆေးဝါးသည် လူ့ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေပြီး ဒုစရိုက်မှုအမျိုးမျိုးနှင့် အိမ်ထောင်စုများကို ဒုက္ခရောက်စေသည့် အဓိကတရားခံဖြစ်သည့်အပြင် လူငယ်များ၏စိတ်ပိုင်းဆိုင်ရာကိုလည်း ပျက်စီးစေပါသည်။ ထို့အပြင် နိုင်ငံတော်တည်ဆောက်ရေးကို အနှောင့်အယှက်ဖြစ်စေသောကြောင့် မူးယစ်ဆေးဝါးနှိမ်နင်းမှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။[42] ၂၀၁၆ ခုနှစ်၊ ဇွန်လမှစ၍ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုကို နှိမ်နင်းလာခဲ့ရာ လူထောင်ပေါင်းများစွာသေဆုံးခဲ့ပါသည်။ သမ္မတရိုဒရီဂိုဒူတာတေးသည် ဖိလစ်ပိုင်နိုင်ငံတွင်

[40] ဖြိုးဖြိုးဇော်၊ မန္တလေးတွင်မူးယစ်ဆေးဝါးအရောင်းအဝယ်ပြုလုပ်သည်ဟုနာမည်ကျော်စေသည့်နေရာများကိုရဲအင်အား၃၀၀ဖြင့်ဝင်ရောက်စီးနင်း၊ အမှတ်(၁၁၆၁)၊ ဇူလိုင် ၂၆၊ ၂၀၁၇ ခုနှစ် 7DayDaily မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် မေ ၁၇၊ ၂၀၁၇ ခုနှစ်)
[41] available from: http://burmese.dvd.no/archives/214649(ကြည့်ရှုသည့်ရက် ဇူလိုင် ၂၂၊ ၂၀၁၇)
[42] Myanmar Alinn , မူးယစ်ဆေးဝါးနှိမ်နင်းမှုများကို ဒူတာတေး ဆက်လက်လုပ်ဆောင်မည်, ဇူလိုင် ၂၆၊ ၂၀၁၇, စာမျက်နှာ (၁၀) မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇူလိုင် ၂၀၊ ၂၀၁၇)

မူးယစ်နှင့်ပတ်သက်၍ သေဒဏ်ပေးမှုများ ပြန်လည်ကျင့်သုံးရန်၊ အဆောက်အဦများအတွင်း ဆေးလိပ်သောက်ခြင်း၊ အရက်ယမကာသောက်သုံးခြင်းများကို တားမြစ်ခြင်းနှင့်ကလေးသူငယ်များကို ညအချိန်တွင် အပြင်ထွက်ခွင့်ကန့်သတ်မှုများ လုပ်ဆောင်ခဲ့ပါသည်။[43] သမ္မတဒူတာတေးသည် မူးယစ်ဆေးဝါးသုံးစွဲသူများကို တွေ့ရှိသည့်နေရာ၌ ပစ်သတ်ရမည့်ပေါ်လစီကို ကျင့်သုံးခဲ့ပါသည်။ ၎င်းပေါ်လစီကြောင့် မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ရာဇဝတ်မှုများကို သိသိသာသာကျဆင်းစေခဲ့ပါသည်။ ၎င်းကမူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို စစ်တပ်နှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ကို ပေါင်းစပ်ပြီးဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။[44] မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ဥပဒေချိုးဖောက်သူများ၊ လက်လီရောင်းချ သူများနှင့်သုံးစွဲသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်နှင့် အကျင့်ပျက်ခြစားနေသည့် ရဲတပ်ဖွဲ့ဝင်များကိုလည်း ထိရောက်စွာနှိမ်နင်းမှုများပြုလုပ်ရန် စီမံချက်ချမှတ်ထားပါသည်။ ၎င်းစီမံချက်များကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲနေသူ (၃) သန်း ကျော်တွင် (၆) သိန်းကျော်မှာ ဆေးများအပ်နှံလာပြီး ဆေးကုသမှုများ ခံယူလျက်ရှိကြပါသည်။[45] မူးယစ်ဆေးဝါးနှင့်ပတ်သက်သူ (၃,၁၅၁) ဦးကို ရှင်းလင်းခဲ့သည့်အပြင် မူးယစ်ဆေးဝါးနှင့်ပတ်သက်ဆက်နွှယ်သူပေါင်း (၈၄,၀၀၀) ကို ဖမ်းဆီးခဲ့ပြီး ၁ ဒသမ ၃ သန်းသည် လာရောက်အဖမ်းခံခဲ့ ကြောင်းသိရှိရပါသည်။[46]

**(ခ) ပေါ်တူဂီနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်း။** ပေါ်တူဂီနိုင်ငံသည် ၁၉၈၀ ပြည့်နှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ဆယ်စုနှစ်တစ်စုအတွင်း ဘိန်းဖြူအများဆုံးသုံးစွဲသည့်ကာလဖြစ်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် ပေါ်တူဂီအစိုးရသည် မူးယစ်ဆေးဝါးထိန်းချုပ်ရေးကို ဖိနှိပ်ချုပ်ခြယ်ခြင်းထက် ကျန်းမာရေးရှုထောင့်၊ လူ့အခွင့်အရေး

[43] ရာဇဝတ်မှုတွေကိုပြင်းပြင်းထန်ထန်ကွပ်ညှပ်မယ့်မူတွေဒူတာတေးပြောလာပြန်၊ မေ ၁၅၊ ၂၀၁၆ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇူလိုင် ၂၀၊ ၂၀၁၇)
[44] ဒူတာတေးသမ္မတအဖြစ်ကျမ်းသစ္စာကြိမ်ဆို, Radio Australlia, ဇွန် ၃၀၊ ၂၀၁၆ မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဇူလိုင် ၂၀၊ ၂၀၁၇)
[45] ALJAZEERA, Phillippines army may now join Duterte's 'war on drugs , ALJAZEER, ဖေဖော်ဝါရီ ၁၊ ၂၀၁၇ မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇူလိုင် ၂၀၊ ၂၀၁၇)
[46] Myanmar Alinn , မူးယစ်ဆေးဝါးနှိမ်နင်းမှုများကို ဒူတာတေး ဆက်လက်လုပ်ဆောင်မည်, ဇူလိုင် ၂၆၊ ၂၀၁၇, စာမျက်နှာ (၁၀) မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇူလိုင် ၂၀၊ ၂၀၁၇)

ရှုထောင့်နှင့် ပံ့ပိုးကူညီရေးတို့အပေါ်အခြေခံ၍ မတူညီသည့်ရှုထောင့်မှ ချဉ်းကပ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ပေါ်တူဂီနိုင်ငံ၏ ဥပဒေအမှတ် ၃၀/၂၀၀၀ ဥပဒေအသစ်သည် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် လက်ဝယ်ထားရှိမှုကို ပြစ်မှုဟုမသတ်မှတ်ဘဲ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်အနေဖြင့် ကိုင်တွယ်ဖြေရှင်းရန် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ကျန်းမာရေးနှင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများ ဖော်ဆောင်ပေးရန် ငွေကြေးအမြောက်အများကို ခွဲဝေချထားခဲ့ပါသည်။ လူအများစုက မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုတွင်ကျယ်လာနိုင်ကြောင်း အစိုးရကိုသတိပေးခဲ့သော်လည်း ၎င်းတို့စိုးရိမ်သည့် ကိစ္စရပ်ဖြစ်ပေါ်လာခြင်းမရှိသည့်အပြင် ကျယ်ပြန့်သည့် အကျိုးကျေးဇူးပေါင်းများစွာကိုရရှိစေပါသည်။ ၎င်းနိုင်ငံ၏မူးယစ်ဆေးဝါးမူဝါဒသည် ကမ္ဘာတစ်လွှား၌ အအောင်မြင်ဆုံးသော မူဝါဒတစ်ရပ်အဖြစ် အသိအမှတ်ပြုခံခဲ့ရပါသည်။

အဆိုပါထိရောက်သည့် မူဝါဒကြောင့်ရရှိသည့်အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အိပ်ချ်အိုင်ဗွီ ကူးစက်ပြန့်ပွားမှု တစ်ရှိန်ထိုးကျဆင်းခြင်း၊

(၂) ဆေးလွန်သေဆုံးမှုအရေအတွက်ကျဆင်းခြင်း၊

(၃) မူးယစ်ဆေးဝါးစွဲလန်းမှုကို ကုသပေးသည့် အစီအစဉ်များတွင် ပူးပေါင်းပါဝင်မှု များပြားလာခြင်း၊

(၄) ဆက်ကျော်သက်လူငယ်များကြားတွင် မူးယစ်ဆေးဝါးသုံးစွဲသူမှု သိသိသာသာကျဆင်းခြင်း၊

(၅) ပြစ်မှုကြောင်းဆိုင်ရာတွင် အမှုအရေအတွက်လျော့နည်းခြင်း၊

(၆) မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်သည့်ရာဇဝတ်မှုများ အထူးသဖြင့် အသေးအဖွဲခိုးမှုများ ကျဆင်းခြင်းတို့သည် ပေါ်တူဂီနိုင်ငံ၏ထိရောက်သည့် မူးယစ်ဆေးဝါးမူဝါဒကြောင့်ပင်ဖြစ်ပါသည်။[47]

---

[47] Drugs & Democracy, Myanmar in Focus မြန်မာနိုင်ငံရှိမူးယစ်ဆေးဝါးပြဿနာများကိုကိုင်တွယ်ဖြေရှင်းခြင်း၊ မတ် ၂၊ ၂၀၁၇ မှ ရရှိပါသည်။(ကြည့်ရှုသည့်ရက် ဇွန် ၁၄၊ ၂၀၁၇)

(ဂ) **ထိုင်းနိုင်ငံ၏ ဘိန်းအစားထိုးဆောင်ရွက်ခြင်း။** ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးကဏ္ဍဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးစွဲနေသောသူများကို ကုသခြင်းနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။[48] ထိုင်းနိုင်ငံတွင် ဘိန်းအစားထိုးသီးနှံများကို မူဝါဒများနှင့်အညီ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးသောကြောင့် ဘိန်းထုတ်လုပ်မှုသည် နှစ်စဉ်တန် ၂၀၀ မှ ၁၅၀ တန်သို့ လျော့နည်းသွားခဲ့ပါသည်။ ဘိန်းအစားထိုးသီးနှံအဖြစ် ဂေါ်ဖီထုပ်၊ ဆလပ်ရွက်၊ ဘိုစားပဲ၊ လက်ဖက်ပင်၊ ကော်ဖီပင်၊ မက်မွန်ပင်၊ ပန်းသီး၊ ဆေးဖက်ဝင်အပင်များနှင့် ပန်းပင်အမျိုးမျိုးစသည်တို့ကို ဥပဒေနှင့်အညီ စိုက်ပျိုးလာကြပါသည်။[49] ထိုင်းနိုင်ငံ၏ ထိုင်းတော်ဝင်စီမံကိန်းဖောင်ဒေးရှင်း Royal Project Foundation (RPF) နှင့် ထိုင်းတောင်တန်းဒေသ သုတေသနနှင့်ဖွံ့ဖြိုးရေး အင်စတီကျူ Highland Research Development Institute ,Thailand (HRDI) တို့သည် ဘိန်းအစားထိုးအဖြစ် မျိုးကောင်းမျိုးစေ့များကိုပေးဝေခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အကူအညီပေးခြင်း တို့ကိုဆောင်ရွက်ပေးလျက်ရှိပါသည်။[50]

**နိဂုံး**

၃၃။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ကမ္ဘာတစ်ဝန်း၌ကြိုးပမ်းဆောင်ရွက်နေသော်လည်း ယခုအခါမူးယစ်ဆေးဝါးအမျိုးမျိုးသာမက စိတ်ကြွရူးသွပ်ဆေးပြားများသည်လည်း လူသားများကိုအန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိရာ နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်ပါဝင်ဆောင်ရွက်

---

[48] United Nations Office on Drugs and Crime, Sustaining Opium Reduction in Southeast Asia:Sharing Experiences on Alternative Development and Beyond, 15-17 December 2008 မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဩဂုတ် ၂၊ ၂၀၁၇)

[49] Opium replacement availablefrom: https://en.wikipedia.org/wiki/Opium_replacement မှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဩဂုတ် ၂၊ ၂၀၁၇)

[50] မြန်မာနိုင်ငံနှင့်မူးယစ်ဆေးဝါးမူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲရေး, available from: Info Digest Journal ၊ အမှတ် (၂၇)၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁-၁၅ ရက်မှ ကောက်နုတ်ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဩဂုတ် ၁၊ ၂၀၁၇)

သွားခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်သော လူမှုပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။[51]

၃၄။ ၂၀၁၆ ခုနှစ်သည် မူးယစ်ဆေးဝါးစံချိန်တင် ဖမ်းမိခဲ့သောနှစ်အဖြစ်မှ ၂၀၁၇ ခုနှစ်သည် မူးယစ်ဆေးဝါးအန္တရာယ် ပိုမိုထိန်းချုပ်နိုင်သော နှစ်တစ်နှစ်သို့ရောက်ရှိရန် အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံအချို့တွင်မူးယစ်ဆေးဝါးနှိမ်နင်းရေးကဏ္ဍကို ကိုင်တွယ်ဖြေရှင်းရာ၌ ဖိလစ်ပိုင်နိုင်ငံ၏မူးယစ်နှိမ်နင်းခြင်း၊ ပေါ်တူဂီနိုင်ငံ၏ မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ ထိုင်းနိုင်ငံ၏ဘိန်းအစားထိုးစိုက်ပျိုးခြင်းစသည့် ပုံစံအမျိုးမျိုးအပေါ်လေ့လာသုံးသပ်၍ မိမိတို့နိုင်ငံနှင့်သင့်လျော်မည့် ဆောင်ရွက်ချက်များကို မူးယစ်နှိမ်နင်းရေးကဏ္ဍ၌ အထောက်အကူပြုနိုင်စေရန် ရေးသားတင်ပြခြင်းဖြစ်ပါသည်။

***ဤစာတမ်းတိုအား ဒေါ်အကယ်ဒမီလင်း (အကြီးတန်းစာရေး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ဝိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။***

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

[51] Iprd-user1,29-10-2014, “မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့်ကင်းစင်ပပျောက်ရေးညှိနှိုင်းဆွေးနွေးပွဲကျင်းပ” ပြန်ကြားရေးဝန်ကြီးဌာနမှ ရရှိပါသည်။ (ကြည့်ရှုသည့်ရက် ဩဂုတ် ၁၁၊ ၂၀၁၇)

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com